EMReF Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၅၉

ဇူလိုင် ၁၇ ရက်၊ ၂၀၁၈

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့လာသော တိုင်ကြားစာများနှင့်တင်ပြစာများအပေါ် ခရိုင်အလိုက် အရေးယူဆောင်ရွက်ထားရှိမှုအခြေအနေ (၂၆-၅-၂၀၁၈ မှ ၂၅-၆-၂၀၁၈)အထိ

| စဉ် | အကြောင်းအရာ | ပဲခူးခရိုင် | တောင်ငူခရိုင် | ပြည်ခရိုင် | သာယာဝတီ ခရိုင် | တိုင်းဒေသကြီး အချုပ် |
|---|---|---|---|---|---|---|
| ၁ | တိုင်ကြားစာပေါင်း | ၅၇ | ၁၈ | ၁၀ | ၂၀ | ၁၀၅ |
| ၂ | အရေးယူဆောင်ရွက်ရန်မလိုသော တိုင်ကြားစာများ | ၃၀ | ၁၇ | ၆ | ၆ | ၅၉ |
| ၃ | အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာသို့ ညှိနှိုင်းအကြောင်းကြား ဆောင်ရွက်ပြီးစီးမှု | ၂၇ | ၁ | ၄ | ၁၄ | ၄၆ |
| | (က) တိုင်းဒေသကြီး အစိုးရအဖွဲ့ | ၁၉ | ၁ | ၃ | ၇ | ၃၀ |
| | (ခ) တိုင်းဒေသကြီး လယ်/စစ်ကော်မတီ | - | - | - | - | - |
| | (ဂ) တိုင်းဒေသကြီး တရားလွှတ်တော် | - | - | - | ၁ | ၁ |
| | (ဃ) တိုင်းဒေသကြီး ဥပဒေချုပ် | ၁ | - | - | - | ၁ |
| | (င) တင်ပြသူကာယကံရှင်ထံ အကြောင်းပြန်ကြားမှု | ၇ | - | ၁ | ၆ | ၁၄ |
| | (စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်သို့ ပြန်ကြားမှု | - | - | - | - | - |
| | (ဆ) အခြားဌာနသို့ အကြောင်းကြားမှု | - | - | - | - | - |

# ကျပ်သိန်း ၁၀၀ တောင်းသည့် လွှတ်တော်ကိုယ်စားလှယ်ကိစ္စ အပြီးသတ်ဆုံးဖြတ်

**ဇူလိုင် ၁၆၊ ၂၀၁၈**

ရောဝတီတိုင်း အိမ်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မြိုင်သည် ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ကျပ်သိန်း ၁၀၀ တောင်းခံခဲ့သော အမှုကိစ္စကို စစ်ဆေးပြီးဖြစ်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီတို့၏ ရှေ့တွင် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်က ပြောကြားသည်။

ထိုသို့ငွေတောင်းခံမှုတွင် ပါဝင်ခဲ့သော်လည်း ၎င်းကိုယ်ကျိုးအတွက် သုံးစွဲခဲ့ခြင်းမရှိကြောင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ကြောင်း အထောက်အထားခိုင်မာမှု မရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနှင့် ငွေကြေးကိစ္စများတွင် ကျင့်ဝတ်မညီဘဲ ပါဝင်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲမှု လွဲမှားစွာဆောင်ရွက်ခြင်း၊ အများပြည်သူ အထင်လွဲမှားစေရန် ဆောင်ရွက်ခြင်းတို့ တွေ့ရှိရခြင်းကြောင့် ထိုသို့ခံဝန်ကတိထိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တိုင်းလွှတ်တော်ရုံးထံမှ သိရသည်။

ရောဝတီတိုင်း အိမ်မဲမြို့နယ် ကျေးရွာမီးလင်းရေးအတွက် တကောကျေးရွာသို့ ခွင့်ပြုထားသည့်ဘတ်ဂျက်ကို ညောင်ကုန်းချောင်းဖျားကျေးရွာသို့ ခေါင်းစဉ်ပြောင်းလဲသုံးစွဲရန်အတွက် သက်ဆိုင်ရာဌာနများသို့ပေးရန် ကျပ်သိန်း ၁၀၀ ကို ကျေးရွာမီးလင်းရေးကော်မတီထံမှ ဦးအောင်ကျော်မြိုင်က တောင်းယူခဲ့ကြောင်း၊ အဆိုပါသတင်းကိုရရှိခဲ့သည့် အိမ်မဲမြို့မှ အလွတ်တန်းသတင်းထောက်ကိုသူရစိုးကို ဦးအောင်ကျော်မြိုင်မှ သတင်းရေးသားဖော်ပြခြင်းမပြုရန် ညှိနှိုင်းခဲ့သော်လည်း လက်မခံခဲ့သဖြင့် မတ်လ ၂၇ ရက်နေ့တွင် ကျေးရွာသို့ ငွေများပြန်ပေးခဲ့ကြောင်း၊ အဆိုပါကိစ္စကို ကိုသူရစိုးက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ထံသို့ တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း တိုင်းလွှတ်တော်ရုံးထံမှ သိရသည်။

(ကိုးကား - http://thevoicemyanmar.com)

# ကြားဖြတ်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၉ ဦးရှိ

**ဇူလိုင် ၁၃၊ ၂၀၁၈**

ကြားဖြတ်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်း တင်သွင်းထားသည့် တစ်သီးပုဂ္ဂလခုနစ်ဦး အပါအဝင် နိုင်ငံရေးပါတီ ၂၄ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၉ ဦးရှိကြောင်း ပြည်ထောင်စုရွေးကော်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ဇူလိုင် ၁၂ ရက်က ပြောကြားသည်။

လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို ဇူလိုင် ၂ ရက်မှစတင်ကာ ဇူလိုင် ၁၁ ရက်အထိ တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် လက်ရှိ အာဏာရပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက မဲဆန္ဒနယ်အားလုံးကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာထားပြီး ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၃ ဦးကိုလည်း အမည်စာရင်း တင်သွင်းထားကြောင်း သိရသည်။

အတိုက်အခံပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ပြည်နယ်များရှိ လွှတ်တော်ကိုယ် စားလှယ် လစ်လပ်မဲဆန္ဒနယ်တချို့ကို ဝင်ရောက်ယှဉ်ပြိုင်မည် မဟုတ်ကြောင်း ပြောကြားထားပြီး လစ်လပ်မဲဆန္ဒနယ် (၁၀) နေရာအတွက် အမည်စာရင်း တင်သွင်းထားကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် လစ်လပ်မဲဆန္ဒနယ် (၁၃) နေရာ၌ ကျင်းပမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြေညာထားသည်။

လက်ရှိတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့်လစ်လပ်မဲဆန္ဒနယ်(၁၃)နေရာရှိ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်အမည်စာရင်းများကို ဇူလိုင် ၉ ရက်မှ စတင်ကာ ဇူလိုင် ၂၂ ရက် အထိကပ်ထားပြီး ကြေညာမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ကြေညာထားသည်။

**(ကိုးကား-http://news-eleven.com)**

## သတင်းဓာတ်ပုံ



ဇူလိုင်လ ၆ ရက်နေ့က စစ်ကိုင်းတိုင်းလွှတ်တော်တွင် အဆင့်မြင့်အီလက်ထရွန်နစ် မဲပေးစနစ် ဆောင်ရွက်ရန် စင်ကာပူကုမ္ပဏီက လာရောက်ဆွေးနွေးစဉ်။
(ဓာတ်ပုံ - Zaw Thurein Tun)/ ကိုးကား- www.7daydaily.com

## သတင်းတို

● ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဇူလိုင် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်တွင် အထူးအစည်းအဝေး တစ်ကြိမ်၊ အရေးပေါ်အစည်းအဝေး နှစ်ကြိမ်၊ ပုံမှန်အစည်းအဝေး (၁၄) ကြိမ် ကျင်းပပြီး အဆို ၂၁ ခု တင်သွင်းခဲ့သည့်အနက် အတည်ပြုသည့် အဆို ၁၇ ခု၊ မှတ်တမ်းတင်သည့်အဆို သုံးခု၊ လွှတ်တော်တွင် လက်ခံဆွေးနွေးရန် မသင့်သည့်အဆို နှစ်ခု ရှိခဲ့သည်။မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် ကြယ်ပွင့်ပြမေးခွန်း ၇၉၈ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၃၂၇ ခု စုစု ပေါင်းမေးခွန်း ၁,၁၂၅ ခု မေးမြန်းခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံး မှတ်တမ်းများအရ သိရှိရသည်။

**(ကိုးကား-www.7daydaily.com)**

# ရန်ကုန်ဆေးရုံ ပျံကျဈေးသည်များအား အရေးယူရန် အစိုးရထံစာပို့

**ဇူလိုင် ၁၂၊ ၂၀၁၈**

ဇူလိုင်လ ၅ ရက်နေ့က ရန်ကုန်ဆေးရုံကြီး နှလုံးကုသဆောင်(A)အောက်၌ ပျံကျဈေးသည်များ လောင်းကစားပြုလုပ်ရာမှ တစ်ဆင့် ခိုက်ရန်ဖြစ်ပွားခဲ့သည့် ရုပ်သံများ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပျံ့နှံ့ခဲ့ရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စည်းကမ်းမဲ့နေထိုင်မှု၊ ဈေးရောင်းချမှုများကို ဥပဒေနှင့်အညီ အရေးယူပေးရန် တိုင်းလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရသို့ ဇူလိုင်လ ၁၀ ရက်နေ့က အစီရင်ခံစာပေးပို့ တိုက်တွန်းထားကြောင်း ရန်ကုန်တိုင်းလွှတ်တော် လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှ သိရသည်။

ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ ဈေးသည်များသည် ဆိုင်ခန်းများအား တိုးချဲ့ပြီး စည်းကမ်းမဲ့ဈေးရောင်းချခြင်း၊ နေထိုင်ခြင်း၊ အမှိုက်ပစ်ခြင်း၊ ဆူညံသံများပြုလုပ်ခြင်း၊ ဆေးရုံမှ ရေမီး၊ အိမ်သာများသုံးစွဲခြင်း၊ အရက်ဝိုင်းဖွဲ့သောက်ခြင်းနှင့် ခိုက်ရန်ဖြစ်ပွားခြင်းများဖြစ်နေကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများက ပြောသည်။

အဆိုပါဖြစ်ရပ်များကြောင့် လုပ်ငန်းခွင်အတွင်း အနှောင့်အယှက်များစွာ ဖြစ်နေကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်အူလမ်းကြောင်း ဆေးကုဌာန ပါမောက္ခဌာနမှူး ဒေါက်တာသိန်းမြင့်က ပြောသည်။

ရန်ကုန်ဆေးရုံကြီး စည်းကမ်းမဲ့ဈေးသည်များပြဿနာ ရှင်းလင်းဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းလွှတ်တော် လူမှုရေးနှင့်စီမံခန့်ခွဲရေးကော်မတီအနေဖြင့် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်ကြီးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာဦးစီးမှူးများ အပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဇူလိုင်လ ၅ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ကိုးကား- https://burma.irrawaddy.com)**

# လူမှုရေးဝန်ကြီးကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ သတိပေး

**မေ ၂၉၊ ၂၀၁၈**

လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ဖြေကြားရာတွင် အချက်အလက်နှင့် တိကျစွာ ပြန်လည်ဖြေဆိုရန် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးထွန်းတင်က လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်ကို မေလ ၂၅ ရက် လွှတ်တော်အစည်းအဝေးတွင် သတိပေးပြောဆိုခဲ့သည်။

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ၁၂ ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)က ကိုယ်စားလှယ် ဦးချန်တန်ခင်(နောင်မွန်-၁)က နယ်စပ်ဒေသရှိ ဘွဲ့ရလူငယ်များ အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်ပြီး မေးမြန်းသော မေးခွန်းသုံးခုအနက်မှတစ်ခုကို လူမှုရေးဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် ပြည့်စုံစွာဖြေကြားခြင်းမရှိဘဲ သိလိုသည့်အချက်အလက်များကို သက်ဆိုင်ရာဌာနဆိုင်ရာရုံးများတွင် တောင်းခံရန် ပြန်လည်ဖြေကြားခဲ့သဖြင့် ထိုသို့သတိပေးခဲ့ခြင်းဖြစ်သည်။

"လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတာ ဌာနတစ်ခုချင်းအလိုက် လစ်လပ်တဲ့နေရာတွေ သိရှိလိုတယ်။ ကျွန်တော်တို့ဒေသခံတိုင်းရင်းသားတွေ ခန့်ပေးနိုင်မလား။ ဒါကြောင့်မို့လို့ ဝန်ကြီးအနေနဲ့ဆိုရင်လည်း အစိုးရအဖွဲ့ဝင်တစ်ယောက် ဖြစ်တာနဲ့အညီ ဒီအစိုးရအဖွဲ့မှာ တာဝန်ခံတဲ့ ဝန်ကြီးတစ်ပါးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောင်တစ်ချိန်မှာ မေးလာတဲ့ မေးခွန်းတွေနဲ့ ပတ်သက်ပြီးတော့ ဝန်ကြီးဌာနကို အချိန်လည်း ပေးထားပါတယ်။ DATA တွေကို တိတိကျကျ စုဆောင်းပြီးမှသာလျှင် လွှတ်တော်ထဲမှာ လာရောက်သင့်ပါတယ်"ဟု လွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

**(ကိုးကား-www.myitkyinanewsjournal.com)**

# မြောက်ဦးအရေး စုံစမ်းလေ့လာမှုအစီရင်ခံစာ ၇၅ ရာခိုင်နှုန်း ပြီးစီး

**ဇူလိုင် ၈၊ ၂၀၁၈**

မြောက်ဦးအဓိကရုဏ်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်က ဖွဲ့စည်းထားသော စုံစမ်းလေ့လာရေးအဖွဲ့၏ စုံစမ်းလေ့လာမှု အစီရင်ခံစာ ၇၅ ရာခိုင်နှုန်းပြီးစီးနေကြောင်း ယင်းအဖွဲ့မှ အတွင်းရေးမှူး မြောက်ဦးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်က ပြောကြားသည်။

"ကျွန်တော်တို့ အရင်ကတည်းက မိသားစုဝင်တွေနဲ့ တွေ့ဆုံထားတာတွေ ရှိပါတယ်။ အခုလည်း နှစ်ခါကွင်းဆင်းပြီးပြီ။ ဒါပေမဲ့ အာဏာပိုင်တွေနဲ့တော့ မတွေ့ရသေးဘူး"ဟု ၎င်းက ဆိုသည်။ အာဏာပိုင် အဖွဲ့အစည်းများကို စုံစမ်းလေ့လာရန်အတွက် ဇူလိုင်လ ၁၀ ရက်နောက်ပိုင်း မှသာ ဆုံးဖြတ်မည်ဖြစ်ပြီး အပြီးသတ် အစီရင်ခံစာကို အဋ္ဌမအကြိမ်ကျင်းပမည့် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တင်သွင်းမည့်ကိစ္စနှင့်ပတ်သက်၍ မသိရှိရသေးကြောင်း ၎င်းက ရှင်းပြသည်။

စုံစမ်းလေ့လာရေးအဖွဲ့ကိုယခုနှစ် ဇန်နဝါရီ ၂၉ ရက်က ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ် ၇ ဦးနှင့် လွှတ်တော်ဥပဒေရေးရာ အကြံပေးအဖွဲ့မှ ၂ ဦး စုစုပေါင်း ၉ ဦးတို့ဖြင့် ဖွဲ့စည်းထားကြောင်း၊ စုံစမ်းစစ်ဆေးမှု ၅ လကျော်ကြာသည်အထိ အစီရင်ခံစာ မထုတ်ပြန်နိုင်သည့်အပေါ်ပြည်သူအချို့က ဝေဖန်မှုများ ထွက်ပေါ်နေသည်။

"ကျွန်တော်တို့မှာ အခြေအနေအမျိုးမျိုးပေါ် သုံးသပ်ရတယ်။ ကျွန်တော်တို့ အစီရင်ခံစာ ထုတ်ပြန်လိုက်တော့အခု ဖမ်းဆီးခံထားရတဲ့သူတွေရဲ့ ပြစ်မှုပြစ်ဒဏ်တွေ ဘယ်လိုဖြစ်လာမလဲ စသဖြင့်ပေါ့ မီဒီယာမှာ ထုတ်ပြောလို့မရတဲ့ကိစ္စတွေရှိတယ်။ ကျွန်တော်တို့မှာလည်း ချင့်ချိန်ရပါတယ်"ဟု မြောက်ဦးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ဆိုသည်။

**(ကိုးကား- http://thevoicemyanmar.com)**